# Minutes of Myanmar Language Information Management Network Meeting

*26th November 2025, 2PM MMT, online via Zoom*

## Agenda

1. Presentation – MIMU HDP Nexus 5W (MIMU)
2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
3. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)

Participants: WVM, CPM, CP AoR, SCI, SWISSAID, Nyein, UNODC, CL, DRC, NRC, AMDA, ERC, CESVI, MSU, UN-Habitat, ADRA, MIMU (18 participants from 17 organisations)

## ၁။ MIMU HDP NEXUS 5W (MIMU)

5W ကို စက်တင်ဘာလ ၂၀၂၅ တွင် ကောက်ယူခဲ့ပြီး ထိုအပတ်စဉ် ကောက်ခဲ့သော အချက်အလက်များနှင့် ပတ်သတ်ပြီး MIMU မှ အောက်ပါအတိုင်း ပြောပြဆွေးနွေးခဲ့ပါသည်။

၂၀၂၅ စက်တင်ဘာလ အထိ လုပ်ဆောင်ကြသည့် 5W အချက်အလက်များကို အဖွဲ့ပေါင်း ၁၉၆ ဖွဲ့မှ ပေးခဲ့ပါသည်။ 5W Data များကို ၂၀၂၁ ခုနှစ် မတိုင်ခင်အထိ အဖွဲ့အစည်းအမည်များပါဝင်သော 5W Excel Data File များကို MIMU Website မှာ တင်ထားပေးပြီး နောက်ပိုင်းတွင် Data File များအပြင် အဖွဲ့အစည်း အမည်ပါသော မည်သည့်အချက်အလက်မှ MIMU Website ပေါ် မတင်ထားတော့ပါ။ Data များ ကောက်ယူရာတွင် Open, Restricted ဟု နှစ်မျိုးရှိပြီး သတ်မှတ်ထားသော အဖွဲ့အစည်းများ (5W ပေးပို့ထားသော အဖွဲ့အစည်းများ၊ Coordnation Group များ၊ Donor များ) ကို Open အနေဖြင့် ပေးပို့ထားသော Data များကိုသာ Data Request လုပ်ပါက ပေးပို့ပါသည်။ Restricted အနေဖြင့် ပေးပို့ထားသော Data များကို Org Code စနစ်ဖြင့် Confidential အနေနှင့် သိမ်းထားပြီး မည်သည့် အဖွဲ့အစည်းကိုမှ ပြန်လည်မျှဝေခြင်း မပြုလုပ်ပါ။ ယခု အပတ်စဉ်တွင် Confidential data မှာ ၂၈% လောက်ရှိပြီး အထူးသဖြင့် Agriculture Sector သည် Confidential အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် Health, Protection နှင့် Nutrition Sector တို့ လိုက်ပြီး ၎င်း sector များအတွက် အချက်အလက်ရယူလိုသူများအနေဖြင့် အချက်အလက် အပြည့်အဝမရနိုင်ပါ။

Product များအနေဖြင့် ယခင်အပတ်စဉ်များနည်းတူ Sector/Cluster မြေပုံများ နှင့် 5W Township Dashboard တို့ကို ထုတ်ပြီး ဖြစ်ပါသည်။

5W Data တောင်းယူလိုပါက Map & Data Request မှ Online Data Request Link မှတဆင့် Organisation Email ကို အသုံးပြုပြီး တောင်းခံနိုင်ပါသည်။ (Organisation Email မှာ Gmail ဖြစ်နေပါက ဆရာမ အိအိသိန်း (ei.ei.thein@undp.org) သို့ တိုက်ရိုက် ပေးပို့ တောင်းခံနိုင်ပါသည်)။ ဆက်လက်ပြီး 5W Dashboard နှင့် maps တို့ရယူနိုင်သော MIMU 5W page ကို ရှင်းလင်းပြသခဲ့ပါသည်။ Dashboard နှင့် products များအပေါ်တွင် အကြံပေးနိုင်ပြီး အချက်အလက်လွဲနေသည်များ ရှိပါကလဲ MIMU ကို ဆက်သွယ် ပြောပြပေးနိုင်ပါသည်။

**MIMU HDP NEXUS 5W** - https://themimu.info/5w-maps-and-reports

## ၂။ အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**CP AoR** ။ ။ Q3 အထိ (ဇန်နဝါရီလမှ စက်တင်ဘာလ) အထိ UNOCHA မှ ဦးဆောင်ပြီး 5W ဒေတာအချက်အလက်များ ကောက်ပြီးကြောင်းနှင့် Dashboard လည်းထွက်ရှိထားပါသည်။ အသေးစိတ်အချက်အလက်များကို MIMU Website ရှိ Child Protection AoR page တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ထပ်မံ၍ ဒေတာအချက်အလက်များတွင် အဖွဲ့အစည်းအမည် (organization name) ကို level တိုင်း၌ ထည့်သွင်းဖော်ပြထားခြင်း မရှိကြောင်းနှင့် ဒေတာအချက်အလက် လိုချင်ပါက တောင်းဆိုလို့ရပါကြောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် CP- MSTOT သင်တန်းအားလည်း ရန်ကုန်တွင် ပြုလုပ်ခဲ့ပြီး၊ Sub-nationalနှင့် ရန်ကုန်ရှိ အဖွဲ့ အစည်း စုစုပေါင်း (၂၄)ဖွဲ့ မှ ဆရာ/ဆရာမများ တက်ရောက်ခဲ့ပါသည်။ ထိုသင်တန်းမှတစ်ဆင့် Roll out သင်တန်းကို Sub-national မှာ ပြန်လည်ပြုလုပ်မှာဖြစ်သောကြောင့် စိတ်ပါဝင်စားသော ဆရာ/ဆရာမ တွေအနေနဲ့ တက်လို့ရကြောင်း ဖိတ်ကြားခဲ့ပါသည်။

**MIMU** ။ ။ တစ်နှစ်မှာ နှစ်ခါ update လုပ်တဲ့ 5W report များထွက်ရှိပြီးဖြစ်ကြောင်းနှင့် Assessment/Publication information ကောက်နေပြီး Product updates ကို လာမည့်အပတ်များတွင် ထုတ်ဝေမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ထို့ပြင် UN Country Team အဖွဲ့အောက်မှ Disability Inclusion Technical Working Group မှ Person with Disabilities Inclusion နှင့် သက်ဆိုင်သော စစ်တမ်းများ/ မေးခွန်းများ၊ လုပ်ဆောင်ချက်များ ကို UN Country Team ကို ကိုယ်စားပြုပြီး MIMU မှ 2026 တွင် စတင်ကောက်ယူမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ MIMU သင်တန်းများအနေဖြင့် IM Workshop Training ပြုလုပ်ခဲ့ပြီး၊ Basic QGIS Training (Dec 24 – 28) ရက်နေ့ ၊ Advanced Excel Training ကို (Dec 3-5) ရက်နေ့ နှင့် Basic Mapping Training ကို (Dec 15 - 16) နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်းကြေငြာခဲ့ပါသည်။

MIMU သည် အခြားသော အဖွဲ့အစည်းများကဲ့သို့ ရန်ပုံငွေ အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး၊ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို အရည်အသွေးရှိအောင် ထိန်းသိမ်းရန် ဝန်ထမ်း သုံးပုံတစ်ပုံ လျှော့ချခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း အရေးပါသော အလှူရှင် နှစ်ဦး ထွက်ခွာသွားခြင်းကြောင့် ရန်ပုံငွေ မလုံလောက်မှု အခြေအနေကို ပြန်လည်ရောက်ရှိလာကာ၊ ၎င်း၏ အကျိုးဆက်အားဖြင့် MIMU ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ အနည်းငယ်သာ

သို့မဟုတ် လုံးဝ မရရှိနိုင်တော့သည့် အခြေအနေသို့ ရောက်ရှိလာနိုင်ပါသည်။ ဤအခြေအနေကို ဖြေရှင်းရန်အတွက် လက်ရှိတွင် အသုံးပြုသူထံမှ အခကြေးငွေ ကောက်ခံခြင်း (user fees) နှင့် ပတ်သက်၍ အကြံပြုချက်များ ဖြည့်စွက်ပေးရန် စစ်တမ်း ကောက်ခံထားပြီး၊ ထို့အပြင် ဝန်ဆောင်မှု ပိုမိုကောင်းမွန်စေရန် အသုံးပြုသူ စစ်တမ်း (Client Survey) ကိုလည်း ဖြည့်စွက်ပေးရန် တောင်းဆိုခဲ့သည်။

## ၃။ အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို ခန့်မှန်း ဖေဖော်ဝါရီလ ၂၀၂၆ ခုနှစ် နောက်ဆုံးအပတ်တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။